# ၁၉၆၂ ခုနှစ်၊ တရားရုံးများအက်ဥပဒေကို ပြင်သည့်ဥပဒေ။

[ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥပဒေအမှတ် ၁၄။ ]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ တရားရုံးများအက်ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ၁၉၅၀ ပြည့်နှစ်၊ တရားရုံးများအက်ဥပဒေပုဒ်မ ၄ ကိုပယ်ဖျက်ရမည်။

(၂) ယင်းသို့ပယ်ဖျက်သည့်အခါ၊ နိုင်ငံတော်တရားရုံးချုပ်တွင် မပြီးပြတ်သေးဘဲကျန်ရှိနေသော ရာဇဝတ်အယူခံမှုအားလုံးသည်၊ သက်ဆိုင်ရာစက်ရှင်တရားရုံးသို့ လွှဲပြောင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။